## စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား ထုတ်ပြန် ကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ (“ကုမ္ပဏီ”) နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ (“ကုမ္ပဏီအုပ်စု”)၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ မတ်လ ၊ (၃၁)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (“၂၀၂၄ ဘဏ္ဍာရေးနှစ်”) အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲထုတ်ပြန်ကြေညာအပ်ပါသည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေး အဖွဲ့ထုတ်ပြန်သော ဘဏ္ဍာရေးအစီရင်ခံစာ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘဏ္ဍာရေးအစီရင်ခံစာများပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို YSX website နှင့် https://fmi.com.mm/investors/annual-reports/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2024 (Audited)** | FY 2023 (Audited) | % Change |
|---|---|---|---|
| Revenue | **499,115,107** | 339,593,407 | 47.0% |
| Cost of revenue | **(296,522,962)** | (219,858,965) | (34.9%) |
| Gross profit | **202,592,145** | 119,734,442 | 69.2% |
| *Gross Profit margin* | ***40.6%*** | *35.3%* | |
| Administrative expenses | **(158,615,931)** | (108,984,574) | (45.5%) |
| Finance expenses | **(3,376,904)** | (3,176,266) | (6.3%) |
| Other losses, net | **(20,871,758)** | (3,422,077) | (509.9%) |
| Share of profit of associates and joint venture, net of tax | **48,543,531** | 3,923,976 | 1,137.1% |
| Profit before income tax | **68,271,083** | 8,075,501 | 745.4% |
| Income tax expense | **(10,199,984)** | (3,942,497) | (158.7%) |
| **Profit for the year** | **58,071,099** | 4,133,004 | 1,305.1% |
| Fair value (losses)/ gains of available-for-sale investments | **(128,701)** | 1,267,119 | (110.2%) |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | 8,009,332 | (100.0%) |
| Share of other comprehensive income of associates | **2,613,279** | 1,799,091 | 45.3% |
| **Other comprehensive income for the year, net of tax** | **2,484,578** | 11,075,542 | (77.6%) |
| **Total comprehensive income for the year** | **60,555,677** | 15,208,546 | 298.2% |
| **Profit/(Loss) attributable to:**[1] | | | |
| Owners of the Company | **51,594,226** | (701,769) | |
| Non-controlling interests | **6,476,873** | 4,834,773 | |
| | **58,071,099** | 4,133,004 | |
| **Earnings/ (Loss) per share** | | | |
| Basic (MMK) | **1,558** | (21) | 7,519.0% |
| Diluted (MMK) | **1,247** | (21)[2] | 6,038.1% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

[2] The diluted loss per share computation have not taken into consideration the effects of quasi-equity loan as at March 31, 2023, as they were anti-diluted pursuant to para 41 of MAS 33 Earning per share.

၂၀၂၄ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေသည် ကျပ် ၄၉၉.၁ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေ ကျပ် ၃၃၉.၆ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၄၇% တိုးတက်လာခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးတက်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ရိုးမဘဏ်”)နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ပန်းလှိုင်ဆေးရုံများ”) တို့မှ ဝင်ငွေများ တိုးမြင့်ရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြားစိတ်ဖြာနိုင်ပါသည်။

| (MMK’000) | **FY 2024 (Audited)** | FY 2023 (Audited) | % Change |
|---|---|---|---|
| Financial services | **421,450,649** | 278,994,608 | 51.1% |
| Healthcare services | **76,978,318** | 60,524,539 | 27.2% |
| Rental income | **72,000** | 72,000 | - |
| Dividend income | **614,140** | 2,260 | NM |
| **Total** | **499,115,107** | 339,593,407 | **47.0%** |

ကုမ္ပဏီအုပ်စု၏ အဓိက ဝင်ငွေရရှိသည့်လုပ်ငန်းဖြစ်သော ရိုးမဘဏ်၏ ဝင်ငွေသည် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၂၁.၅ ဘီလီယံထိ သိသိသာသာ မြင့်တက်လာခဲ့သဖြင့် ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ဝင်ငွေကျပ် ၂၇၉.၀ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၅၁.၁% တိုးမြင့်လာခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ဘဏ်ချေးငွေကဏ္ဍမှ ချေးငွေအမျိုးမျိုးတို့အပေါ် အတိုးမှရရှိသောဝင်ငွေနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော ဘဏ်ချေးငွေဝန်ဆောင်မှုမှ ရရှိသည့်ဝင်ငွေနှင့် နိုင်ငံခြားငွေလဲလှယ်ခြင်းဝန်ဆောင်မှုမှ ရရှိသည့်ဝင်ငွေများကြောင့် ဖြစ်ပါသည်။

ပန်းလှိုင်ဆေးရုံအုပ်စု၏ ဝင်ငွေသည် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၇.၀ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ဝင်ငွေ ကျပ် ၆၀.၅ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၂၇.၂% တိုးတက်လာခဲ့ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့် ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ ဝန်ဆောင်မှုများကို အထူးဈေးနှုန်းများဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ခြင်းတို့ကြောင့် ပန်းလှိုင်ဆေးရုံသို့ လာရောက်ပြသသည့် လူနာများတိုးမြင့်ခြင်းသည် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ တိုးတက်လာရခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်ပါသည်။

အမြတ်ဝေစုပိုင်းဆိုင်ရာ ဝင်ငွေသည်လည်း ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၆ ဘီလီယံထိ တိုးတက်လာခဲ့ပြီး ထိုသို့ တိုးတက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်၏ အစုရှယ်ယာ ရင်းနှီးမြုပ်နှံမှုဖြစ်သော Digital Money Myanmar Limited မှ အမြတ်ဝေစု ဝင်ငွေများ ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အကြမ်းအမြတ်သည် ကျပ် ၂၀၂.၆ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ အကြမ်းအမြတ် ကျပ် ၁၁၉.၇ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၆၉.၂ % တိုးမြင့်ခဲ့ပါသည်။ ထိုသို့ အကြမ်းအမြတ်တိုးမြင့်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ တိုးမြင့်လာသည့် အပ်ငွေများအပေါ်ပေးရသော ကုန်ကျစရိတ်ထက် ဘဏ်၏ဝန်ဆောင်မှု လုပ်ငန်းများမှရရှိသော ဝင်ငွေများစွာ သာလွန်တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်သည် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၉.၀ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၁၅၈.၆ ဘီလီယံ အထိတိုးမြင့်လာခဲ့ပါသည်။ ထိုသို့ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ တိုးမြင့်လာသော ချေးငွေအမျိုးမျိုးအပေါ် အထွေထွေ ချေးငွေဆုံးရှုံးမှုလျာထားချက်ဖြစ်သော အရံငွေပမာဏကို ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ လျာထားခြင်းနှင့် သီးသန့်ဆုံးရှုံးမှုအပေါ် ဘဏ်၏လျာထားချက်ပမာဏ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဘဏ်ခွဲများ တိုးချဲ့မှုအပေါ် ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊ ရိုးမဘဏ်ရုံးချုပ်အတွက်

အဆောက်အဦး ဝယ်ယူမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုအပိုင်းတွင် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာပစ္စည်းများ အဆင့်မြှင့်တင်ခြင်းမှ ဖြစ်ပေါ်လာသော တန်ဖိုးလျှော့ခြင်း ဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာကုန်ကျစရိတ်များ မြင့်တက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များသည် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃.၂ ဘီလီယံမှ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃.၄ ဘီလီယံ အထိ အနည်းငယ် တိုးမြင့်လာခဲ့ပြီး ထိုသို့ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းရင်းမှာ ကုမ္ပဏီ၏ ချေးငွေများကို ပြန်လည်ဖွဲ့စည်းမှု လုပ်ဆောင်ရာတွင် ကုန်ကျခဲ့သော ဘဏ်ဝန်ဆောင်မှုစရိတ်များကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောဆုံးရှုံးမှုများကို တင်ပြရလျှင် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော အခြားသောဆုံးရှုံးမှု ကျပ် ၃.၄ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၀.၉ ဘီလီယံ ဆုံးရှုံးမှု ဖြစ်ခဲ့ပါသည်။ ထိုသို့ ဆုံးရှုံးမှုမြင့်တက်လာခြင်း၏ အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော စာရင်းအရ ဆုံးရှုံးမှုများကြောင့် ဖြစ်ပြီး ထိုဆုံးရှုံးအား ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများ တန်ဖိုးပြန်လည်သင့်ရာမှ ရရှိခဲ့သည့် အမြတ်များကြောင့် တစ်စိတ်တစ်ပိုင်း သက်သက်စေခဲ့ပါသည်။

အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK’000) | **FY 2024 (Audited)** | FY 2023 (Audited) |
|---|---|---|
| (Loss)/Gain on foreign currency exchange, net | **(22,266,672)** | 5,095,538 |
| Gain on fair value of investment properties | **1,406,450** | 268,450 |
| Gain on disposal of property, plant and equipment | **120,091** | 399,824 |
| Loss on derecognition of available-for-sale investment | **-** | (8,009,332) |
| Write-off of investment in associate | **(350)** | - |
| Write-back of payable | **185,587** | - |
| Write-off of receivable | **(7,727)** | - |
| Adjustment for under-recognition of account receivable | **165,740** | - |
| Write-off / Provision for impairment of inventories (vaccine and medical supplies) | **(138,261)** | (894,805) |
| Write-off of property, plant and equipment | **(336,616)** | (283,021) |
| Others | **-** | 1,269 |
| **Total Other Losses, net** | **(20,871,758)** | (3,422,077) |

ကုမ္ပဏီအုပ်စုသည် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိခဲ့သော အရှုံးအမြတ်အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြပါသည်။

| (MMK'000) | **Stake** | **Group Share of Profit/(Loss)** FY 2024 (Audited) | FY 2023 (Audited) |
|---|---|---|---|
| Thanlyin Estate Development Limited | 30.0% | **37,259,764** | 4,349,678 |
| FMI Garden Development Limited | 47.5% | **10,272,727** | - |
| Memories (2022) Pte. Limited | 16.66% | **1,790,328** | (316,851) |
| CLW Development Limited | 25.0% | **-** | (773,509) |
| Kawthaung Hill Investment Limited | 37.5% | **(239)** | (421) |
| LSC-FMI Company Limited | 50.0% | **(1,151)** | (299) |
| FMI Decaux Company Limited | 40.0% | **(51,224)** | 51,297 |
| Pun Hlaing Links Services Company Limited | 30.0% | **(52,866)** | (51,416) |
| Meeyahta International Hotel Limited | 20.0% | **(673,808)** | 665,497 |
| **Total Share of Profit** | | **48,543,531** | 3,923,976 |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီတို့၏ အမြတ်အား အချိုးကျခွဲဝေရာတွင် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၃.၉ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၄၈.၅ ဘီလီယံအထိ တိုးမြင့်ရရှိခဲ့ပါသည်။ ထိုသို့ အမြတ်ငွေများ တိုးမြင့်ရရှိခြင်း၏ အဓိကအကြောင်းအရင်းမှာ Thanlyin Estate Development Limited ၏ အိမ်ရာစီမံကိန်းများဖြစ်သော StarCity တွင်တည်ရှိသည့် City Villa နှင့် City Loft တို့မှ အိမ်ရာများ ရောင်းချခြင်းနှင့် ၎င်း၏ ရင်းနှီးမြှုပ်နှံထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအပေါ် ဈေးကွက်တန်ဖိုးပြန်လည်သတ်မှတ်ရာမှ ရရှိသည့် အမြတ် ငွေကျပ် ၃၇.၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုနည်းတူ FMI Garden Development Limited ၏ အိမ်ရာစီမံကိန်း ဖြစ်သော Padauk Garden လုံးချင်းအိမ်များ ("Residential villas") နှင့် ဆိုင်ခန်းတွဲများ ("Shophouses") ရောင်းချခြင်းမှလည်း အချိုးကျအမြတ်ငွေ ကျပ် ၁၀.၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စုသည် Memories (2022) Pte. Limited မှ အချိုးကျ အမြတ်ငွေကျပ် ၁.၈ ဘီလီယံ ရရှိခဲ့ခြင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးသင့်ရာမှပေါ်ပေါက်လာသော စာရင်းအရ အမြတ်ငွေကြောင့် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အသားတင်အမြတ်ငွေ ကျပ် ၅၈.၁ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ အသားတင်အမြတ်ငွေ ကျပ် ၄.၁ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် အမြတ်ငွေများ သိသိသာသာ တိုးမြင့်ရရှိခဲ့ပါသည်။

၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် ရန်ကုန်စတော့အိတ်ချိန်း ("YSX")၏ စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") တွင် ရင်းနှီးမြှုပ်နှံထားသည့် ၎င်း၏ ကာလတို ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သင့်ရာတွင် ကျပ် ၀.၁ ဘီလီယံ ဆုံးရှုံးခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စုသည် အဓိကအားဖြင့် ၎င်း၏ တွဲဖက်ကုမ္ပဏီဖြစ်သော Meeyahta International Hotel Limited ၏ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ ဖြစ်ပေါ်လာသော စာရင်းညှိနှိုင်းဆောင်ရွက်ချက်များဖြစ်သည့် လုပ်ငန်းလည်ပတ်မှုနှင့်မသက်ဆိုင်သော အချိုးကျခွဲဝေရရှိသည့် အခြားသောဝင်ငွေစုစုပေါင်း ကျပ် ၂.၆ ဘီလီယံ ရရှိခဲ့ပါသည်။ အထက်ဖော်ပြပါ အချက်အလက်များကြောင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အခြားသောဝင်ငွေစုစုပေါင်း (other comprehensive income) မှာ ကျပ် ၂.၅ ဘီလီယံ ရရှိခဲ့ပါသည်။

ယခင် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ အခြားသောဝင်ငွေစုစုပေါင်းမှာ ကုမ္ပဏီ၏ ကာလတို ရင်းနှီးမြှုပ်နှံမှု (available-for-sale investment) မှ တွဲဖက်ကုမ္ပဏီအဖြစ်သို့ သတ်မှတ်ခြင်းအပေါ် စာရင်းညှိနှိုင်းချက် ပါဝင်ခဲ့သည့်အတွက် ယခု ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်ရရှိသော ၎င်းဝင်ငွေအမျိုးအစား ကျပ် ၂.၅ ဘီလီယံ သည် ယခင်နှစ်၏ ကျပ် ၁၁.၁ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၇၇.၆% လျော့ကျသွားပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အသားတင်ဆုံးရှုံးမှု ကျပ် ၀.၇ ဘီလီယံ မှ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၅၁.၆ ဘီလီယံအထိ မြင့်တက်လာခဲ့ပါသည်။

အထက်ပါ အကြောင်းအရာကြောင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာများနှင့်သက်ဆိုင်သည့် တစ်စုအပေါ် ရရှိသည့် အခြေခံဝင်ငွေ ("Basic EPS") မှာ ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အရှုံးအဖြစ် ကျပ် ၂၁ ရှိပြီး၊ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ("Basic EPS") နှင့် ရှယ်ယာတစ်စု အတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") တို့သည် အမြတ်အဖြစ် ကျပ် ၁,၅၅၈ နှင့် ကျပ် ၁,၂၄၇ အထိ အသီးသီး တိုးမြင့်လာခဲ့ ပါသည်။ Diluted EPS အား နောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ထုတ်ဝေပြီး အနေအထားတို့ဖြင့် ပျှမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းရှင်းတမ်းအား ၂၀၂၃ ပြည့်နှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2024 (Audited)** | As at 31-Mar-2023 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,521,370,949** | 3,419,798,328 | 32.2% |
| Total non-current assets | **952,791,760** | 766,462,538 | 24.3% |
| Total assets | **5,474,162,709** | 4,186,260,866 | 30.8% |
| **LIABILITIES** | | | |
| Total current liabilities | **4,853,490,957** | 3,666,799,256 | (32.4%) |
| Total non-current liabilities | **23,232,245** | 7,522,848 | (208.8% ) |
| Total liabilities | **4,876,723,202** | 3,674,322,104 | (32.7%) |
| **NET ASSETS** | **597,439,507** | 511,938,762 | 16.7% |
| | | | |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **484,481,538** | 413,733,642 | |
| Non-controlling interest | **112,957,969** | 98,205,120 | |
| **TOTAL EQUITY** | **597,439,507** | 511,938,762 | 16.7% |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၃,၄၁၉.၈ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၄,၅၂၁.၄ ဘီလီယံ အထိတိုးတက်ခဲ့ပါသည်။ ဤသို့ တိုးတက်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်၏ ချေးငွေကဏ္ဍတိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၇၆၆.၅ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၉၅၂.၈ ဘီလီယံ အထိတိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များအပေါ်တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ခြင်း၊ ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီများမှ ရရှိသောအမြတ်ခွဲဝေမှုများတွင် အဓိကအားဖြင့် Thanlyin Estate Development Limited မှ အမြတ်ငွေ ခွဲဝေမှု ပိုမိုတိုးမြင့်ရရှိလာခြင်းတို့ကြောင့် ၎င်းတို့အပေါ် ရင်းနှီးမြှုပ်နှံထားသောတန်ဖိုး ပို၍တိုးမြင့်လာခြင်း၊ ရိုးမဘဏ်၏ ဘဏ်ခွဲ အသစ်များနှင့် ပန်းလှိုင်ဆေးရုံအုပ်စုမှ ဆေးခန်းအသစ်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးမြင့်လာခြင်းတို့ကြောင့် စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ တိုးမြင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၃,၆၆၆.၈ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ၄,၈၅၃.၅ ဘီလီယံ အထိ တိုးမြင့်ခဲ့သည်။ ဤသို့ လက်ငင်းပေးရန်တာဝန် တိုးမြင့်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ customer များမှ Super Fixed Deposit နှင့် Flexi Products များအပေါ်တွင် ထပ်တိုး အပ်နှံငွေများ ဆက်လက်မြင့်တက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၇.၅ ဘီလီယံရှိခဲ့ရာ မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၂၃.၂ ဘီလီယံအထိ တိုးမြင့်လာခဲ့ပြီး၊ ထိုသို့ တိုးမြင့်လာခြင်း၏ အဓိကအကြောင်း

အရင်းမှာ ကုမ္ပဏီ၏ ချေးငွေများကို ပြန်လည်ဖွဲ့စည်းမှု ပြုလုပ်ခဲ့ပြီး ယခင်ချေးငွေများကို ပြန်လည်ပေးဆပ်ခြင်းနှင့် လက်ငင်းပေးရန်တာဝန်မှ လက်ငင်းမဟုတ်သော ပေးရန်တာဝန်သို့ ပြောင်းလဲ၍ သတ်မှတ်ခြင်းများကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၁၆.၇% တိုးတက်လာခဲ့ပြီး၊ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးအကျိုးအမြတ်များရရှိခြင်းနှင့် ထိုအကျိုးအမြတ်များကို ကုမ္ပဏီအုပ်စု မဟာဗျူဟာကျ ကြီးထွားနိုင်ရေးအတွက် ခွဲဝေခြင်းမပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့်ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၆၉၄.၁ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုရှင်းတမ်း အနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2024 (Audited)** | FY 2023 (Audited) | % Change |
|---|---|---|---|
| Net cash (used in)/ provided by operating activities | **(22,513,741)** | 114,233,535 | (119.7%) |
| Net cash provided by/ (used in) investing activities | **109,395,603** | (241,872,427) | 145.2% |
| Net cash used in financing activities | **(10,101,964)** | (2,787,518) | (262.4%) |
| Net increase/ (decrease) in cash and cash equivalents | **76,779,898** | (130,426,410) | 158.9% |
| Cash and cash equivalents at beginning of the year | **617,328,125** | 747,754,535 | (17.4%) |
| Cash and cash equivalents at the end of the year | **694,108,023** | 617,328,125 | 12.4% |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၆၁၇.၃ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၆၉၄.၁ ဘီလီယံ အထိ တိုးတက်လာခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၂.၄ % သို့ တိုးမြင့်လာခဲ့ပြီး ငွေသားလက်ကျန်အများစုမှာ ရိုးမဘဏ်မှ ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကျပ် ၂၂.၅ ဘီလီယံအထိသုံးစွဲခဲ့ပြီး၊  ထိုသို့ တိုးမြင့်ခဲ့ခြင်း၏ အကြောင်းအရင်းမှာ ဘဏ်၏ ချေးငွေကဏ္ဍတိုးမြင့်လာခြင်းနှင့်အတူ အပ်နှံငွေနှင့် ချေးငွေအချိုးတို့ကို ကောင်းမွန်စွာဖြင့် ထိန်းသိမ်းလုပ်ဆောင်ထားခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များမှ ကျပ် ၁၀၉.၄ ဘီလီယံ ရရှိခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်မှ ရင်းနှီးမြှုပ်နှံထားသော အစိုးရငွေတိုက်စာချုပ်များ သတ်မှတ်သက်တမ်းပြည့်သဖြင့် မူလရင်းနှီးမြှုပ်နှံမှုပမာဏများ ပြန်လည်ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များအတွက် အသုံးပြုခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင်ငွေသားမှာ  ကျပ် ၁၀.၁ ဘီလီယံရှိပြီး အဓိကအားဖြင့် ကုမ္ပဏီ၏ ချေးငွေအချို့ကို ပြန်လည်ပေးဆပ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**

စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မသေချာမရေရာမှုများ နှင့် စိန်ခေါ်မှုများစွာရှိနေသော်လည်း ကုမ္ပဏီအုပ်စုသည် လုပ်ငန်းလည်ပတ်မှုများကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရန်အတွက် လုံလောက်သော အရံဘဏ္ဍာငွေများ ထားရှိခြင်း၊ ငွေသားစီးဆင်းမှုကို ကောင်းစွာထိန်းသိမ်းခြင်းနှင့် ကောင်းမွန်တည်ငြိမ်သော ဘဏ္ဍာရေးနှစ်ချုပ်စာရင်းရှင်းတမ်း ထိန်းသိမ်းနိုင်ခြင်းစသည့် ရလဒ်များကို ရယူနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စုသည်

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းကဏ္ဍများရှိ ရင်းနှီးမြှုပ်နှံမှုများ မဟာဗျူဟာမြောက်သော အခွင့်အလမ်းများအပေါ် အာရုံစိုက်သွားမည် ဖြစ်ပါသည်။

## ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် ၎င်း၏ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို အခြေအနေကောင်းမွန်အောင် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ဘဏ်ခွဲများ ထပ်မံတိုးချဲ့ခြင်းဖြင့် customer များအတွက် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ဘဏ်ခွဲအသစ် ၅ခု ကိုလည်း တောင်ကြီး၊ ဖျာပုံ၊ ရွှေညောင်၊ တာချီလိတ် နှင့် မန္တလေး မြို့များတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အပြင် ရိုးမဘဏ်သည် Wave Money နှင့် ပူးပေါင်း၍ customer များအတွက် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် Customer Service Center (CSC) ကို ဖွင့်လှစ်ခဲ့ပြီး အိမ်ရာချေးငွေနှင့် အရစ်ကျစနစ်ဖြင့်ဝယ်ယူခြင်းများအတွက် customer တစ်ဦးချင်း သီးသန့်ဆွေးနွေးမှု ဝန်ဆောင်မှုပေးခြင်း အပါအဝင် အဆင်ပြေချောမွေ့သော ဘဏ်ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးနေလျက်ရှိပါသည်။ ထို့အပြင် သုံးစွဲသူ customer များအတွက် Next App ကို ဖော်ဆောင်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင် corporate customer များအတွက် Business Banking Portal ("BBP") ကိုလည်း ပြန်လည်မိတ်ဆက်နိုင်ခဲ့ပါသည်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် မိတ်ဆက်ခဲ့သော Next App နှင့် BBP တို့တွင် ငွေပေးချေမှုအတွက် ချိတ်ဆက်ထားသော လုပ်ငန်းများမှာ ၁၀၂ ခုရှိလာခဲ့ပြီး၊ စုစုပေါင်း ငွေပေးချေမှု အရေအတွက် နှစ်သိန်းကျော် ရှိနေပြီဖြစ်ပါသည်။ ရိုးမဘဏ်၏ ဝန်ထမ်းလစာဝန်ဆောင်မှုစနစ်သည်လည်း သုံးစွဲသူများ ဆက်လက်တိုးမြင့်နေပြီး၊ ၂၀၂၄ ခုနှစ်၊ မတ်လ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်တွင် ထိုဝန်ဆောင်မှုစနစ်ကို သုံးစွဲသည့် ကုမ္ပဏီပေါင်း ၃၆၆ ခု ရှိပြီး ဝန်ထမ်းဦးရေစုစုပေါင်း ၁၀၂,၀၄၇ အား ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ ငွေအပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာချေးငွေဝန်ဆောင်မှု သုံးစွဲသူများအတွက် သီးသန့် ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပေးခြင်းဖြင့် ပိုမိုလွယ်ကူ ထိရောက်သော ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးဆောင်နိုင်ရန် ရည်ရွယ်၍ Premier Banking ဝန်ဆောင်မှုစနစ်အသစ်ကိုလည်း ရန်ကုန်နှင့် မန္တလေးတို့တွင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံအုပ်စု("PHH")သည် ၎င်း၏ပင်မကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်မှုကို အလေးထားဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဝင်ငွေတိုးမြင့်မှု၊ ထိရောက်သော လုပ်ငန်းခွင် လည်ပတ်မှုနှင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်နေပါသည်။ "Heal App" ဟုခေါ်သည့် အင်တာနက်ကွန်ရက် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းမှ ဆေးရုံလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ဆေးမှတ်တမ်းများအား App မှတစ်ဆင့် အလွယ်တကူ အသုံးပြုနိုင်ပြီး ဆေးရုံအတွင်း စာရွက်စာတမ်းအသုံးပြုမှုများ လျှော့ချနိုင်ကာ ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် PHHသည် ဆေးရုံများနှင့် ဆေးခန်းများသို့ သွားရောက်ရန် အခက်အခဲရှိသော လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများမှ လူနာတို့၏ နေအိမ်သို့ သွားရောက်၍ ဝန်ဆောင်မှုပေးခြင်းဖြစ်သော "Heal Home" ဟုခေါ်သည့် ဝန်ဆောင်မှုအသစ်ကိုလည်း စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးနှင့် ကြီးထွားဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း ("CHDC") ကို ၂၀၂၄ ခုနှစ် မှစ၍ ပန်းလှိုင်ဆေးရုံများအားလုံးတွင် ဝန်ဆောင်မှုများ စတင်ခဲ့ပြီး တောင်ကြီး ဆေးရုံတွင် CHDC မြှင့်တင်ရေး အစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ မေလတွင် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဖြန့်ဝေခဲ့ပါသည်။ ထို့အပြင် လူထု၏ ကျန်းမာရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ဆေးရုံအတွက် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည့် ပန်းလှိုင်ကင်ဆာစင်တာ ("PHCCC") ဟုခေါ်သော ကင်ဆာရောဂါအတွက် ဝန်ဆောင်မှုအလုံးစုံ (one-stop service) ပေးနိုင်မည့် စီမံကိန်းအား ဖော်ဆောင်နေပြီး ၂၀၂၆ ခုနှစ် စီမံကိန်း ပထမအဆင့်ပြီးစီး၍ ဝန်ဆောင်မှုများ စတင်ပေးနိုင်ရန်အတွက် ရည်မှန်းထား ပါသည်။

**အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ**

ကုမ္ပဏီအုပ်စု၏ အိမ်ရာစီမံကိန်းလုပ်ငန်းသည် ဝယ်ယူသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော အိမ်ရာစီမံကိန်းများကို အစဉ်တစိုက် ကောင်းမွန်စွာ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ Star City တွင် မကြာသေးမီအချိန်က မိတ်ဆက်ထားသော အိမ်ရာစီမံကိန်းအသစ် "ARA" သည် မျက်မှောက်ခေတ် လူနေမှုစံနှုန်းများနှင့်ကိုက်ညီသည့် အိမ်ရာပုံစံများကို ထည့်သွင်းပေါင်းစပ်ထားပြီး သင့်တင့်သော ဈေးနှုန်းများဖြင့် မိတ်ဆက်ထားသော အိမ်ရာစီမံကိန်းတစ်ခု ဖြစ်ပါသည်။ ARA စီမံကိန်းတွင် ခန့်မှန်းခြေအိမ်ရာအလုံးရေ ၁,၀၀၀ ခန့် ပါဝင်ပြီး လက်ရှိတွင် ထိုစီမံကိန်း၏ ၄၀ ရာခိုင်နှုန်းအထက်ကို ရောင်းချနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခင်နှစ်တွင် စတင်ရောင်းချခဲ့သည့် StarCity ရှိ "Estella Townhouses" ဟု အမည်ပေးထားသော ပတ်ဝန်းကျင်ဂေဟစနစ်ကို အထောက်အပံ့ဖြစ်စေသည့် မြို့ပြအိမ်ရာစီမံကိန်းတွင် အိမ်ရာအလုံးရေ အားလုံးနီးပါး ရောင်းချနိုင်ခဲ့ပြီး အိမ်ပိုင်ရှင်များထံသို့ ယခုနှစ်မှစတင်၍ လွှဲပြောင်းပေးအပ်နိုင်ရန် ရည်ရွယ်ထားပါသည်။ ရန်ကုန်မြို့အနောက်ဘက်ရှိ လှိုင်သာယာမြို့နယ်တွင် တည်ရှိသော City Loft West ("CLW") စီမံကိန်း၏ တတိယမြောက်တာဝါကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ရောင်းချခဲ့ပြီး အိမ်ခန်းပေါင်း ၂၂၁ခန်း ၏ ၆၀ ရာခိုင်နှုန်းကျော်ကို ရောင်းချနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ မေလ နှင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ရောင်းချခဲ့သော CLW ၏ ပထမနှင့်ဒုတိယတာဝါ နှစ်ခုမှ စုစုပေါင်း အိမ်ခန်း ၄၉၄ ခန်း ၏ ၉၀% ကျော်ကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ခရီးသွားဝန်ဆောင်မှုကဏ္ဍ**

ကုမ္ပဏီအုပ်စု၏ ခရီးသွားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သော Memories Group သည် လက်ရှိပိုင်ဆိုင်ထားသော အရင်းအမြစ်များကိုအသုံးချပြီး ဈေးကွက်အနေအထားအပေါ်မူတည်၍ ပြည်တွင်းအပန်းဖြေ ဝန်ဆောင်မှုဈေးကွက်ကို တိုးချဲ့နိုင်ရန် ဆက်လက်ဆောင်ရွက်နေလျက်ရှိပါသည်။ ဈေးကွက်အတွင်း အခွင့်အလမ်းများစွာကို ဖော်ထုတ်သည့်အနေဖြင့် Memories Group သည် ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်းအမွေအနှစ် အထင်ကရဟိုတယ်တစ်ခုဖြစ်သည့် Governor's Residence ကို ခမ်းနားတင့်တယ်သည့် အပြင်အဆင် ဖန်တီးမှုများဖြင့် ခေတ်မီအဆင့်မြင့်သော အပန်းဖြေ ဝန်ဆောင်မှုများစွာပေးသော ဟိုတယ်တစ်ခု အဖြစ် ကိုယ်တိုင်စီမံခန့်ခွဲနိုင်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ကုမ္ပဏီအုပ်စုသည် Memories Group ၏ မဟာဗျူဟာမြောက်ဦးတည်ချက်ကို ဆက်လက်၍ အားပေးထောက်ခံသွားနေမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၊ (၅) ရက်


**First Myanmar Investment Public Company Limited.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

# AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Company Limited ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's audited financial statements for the year ended 31st March 2024 ("FY 2024"). The Company's management is pleased to provide a discussion and analysis of the year-end results below.

The annual report containing the audited financial statements can be accessed via the YSX website and is also available at: https://fmi.com.mm/investors/annual-reports/

## KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2024** (Audited) | FY 2023 (Audited) | % Change |
|---|---|---|---|
| Revenue | **499,115,107** | 339,593,407 | 47.0% |
| Cost of revenue | **(296,522,962)** | (219,858,965) | (34.9%) |
| Gross profit | **202,592,145** | 119,734,442 | 69.2% |
| *Gross Profit margin* | ***40.6%*** | *35.3%* | |
| Administrative expenses | **(158,615,931)** | (108,984,574) | (45.5%) |
| Finance expenses | **(3,376,904)** | (3,176,266) | (6.3%) |
| Other losses, net | **(20,871,758)** | (3,422,077) | (509.9%) |
| Share of profit of associates and joint venture, net of tax | **48,543,531** | 3,923,976 | 1,137.1% |
| Profit before income tax | **68,271,083** | 8,075,501 | 745.4% |
| Income tax expense | **(10,199,984)** | (3,942,497) | (158.7%) |
| **Profit for the year** | **58,071,099** | 4,133,004 | 1,305.1% |
| Fair value (losses)/ gains of available-for-sale investments | **(128,701)** | 1,267,119 | (110.2%) |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | 8,009,332 | (100.0%) |
| Share of other comprehensive income of associates | **2,613,279** | 1,799,091 | 45.3% |
| **Other comprehensive income for the year, net of tax** | **2,484,578** | 11,075,542 | (77.6%) |
| **Total comprehensive income for the year** | **60,555,677** | 15,208,546 | 298.2% |
| **Profit/(Loss) attributable to:**[1] | | | |
| Owners of the Company | **51,594,226** | (701,769) | |
| Non-controlling interests | **6,476,873** | 4,834,773 | |
| | **58,071,099** | 4,133,004 | |
| **Earnings/ (Loss) per share** | | | |
| Basic (MMK) | **1,558** | (21) | 7,519.0% |
| Diluted (MMK) | **1,247** | (21)[2] | 6,038.1% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

[2] The diluted loss per share computation have not taken into consideration the effects of quasi-equity loan as at March 31, 2023, as they were anti-diluted pursuant to para 41 of MAS 33 Earning per share.

The Group's total revenue for the year FY2024 had gone from strength to strength by 47% to MMK 499.1 billion as compared to MMK 339.6 billion recorded in FY2023. This revenue improvement was mainly generated from the Group's financial services segment ("Yoma Bank") and healthcare segment ("Pun Hlaing Hospitals"). Below is the breakdown of revenue by business segment: -

| (MMK'000) | **FY 2024** (Audited) | FY 2023 (Audited) | % Change |
|---|---|---|---|
| Financial services | **421,450,649** | 278,994,608 | 51.1% |
| Healthcare services | **76,978,318** | 60,524,539 | 27.2% |
| Rental income | **72,000** | 72,000 | - |
| Dividend income | **614,140** | 2,260 | NM |
| **Total** | **499,115,107** | 339,593,407 | **47.0%** |

Revenue from Yoma Bank, a main driver of the Group revenue, went up to MMK 421.5 billion in FY2024 which is 51.1% higher than that of MMK 279.0 billion in FY2023. This increase was primarily driven by interest income of the Bank's loan portfolio such as demand loans, overdraft facilities, housing loans as well as the Bank's non-funded income especially facility establishment fees and realized gain on foreign currency transactions.

Revenue from Pun Hlaing Hospitals increased to MMK 77.0 billion in FY2024 which is 27.2% higher than that of MMK 60.5 billion in FY2023. This was mainly caused by revenue growth from ancillary services as a consequence of increase in patient volume from enhanced clinical services and Medical Check-Up (MCU) discount package.

Revenue from dividend income enhanced to MMK 0.6 billion in FY2024 in which mostly included the Bank's dividend income received from its equity share investment in Digital Money Myanmar Limited.

The Group's gross profit has improved by 69.2% to MMK 202.6 billion in FY2024, as compared to MMK 119.7 billion in FY2023. This increase was due to the fact that better revenue contribution from Yoma Bank outweighed its cost of fund increase relevant to higher deposit from customers.

The Group's administrative expenses increased from MMK 109.0 billion in FY 2023 to MMK 158.6 billion in FY 2024. The majority of this increase was made up of the additional recognition of general provision on loans and advances following CBM guideline and specific provision based on growing bank loan portfolio balance, the increase in renovation and maintenance charges on the Bank's branch expansion and larger depreciation charges on the Bank's head office acquisition and the additional facilities upgrade in healthcare segment as well as the higher operating expenses across all entities.

The Group's finance expenses on borrowings were slightly increased from MMK 3.2 billion in FY2023 to MMK 3.4 billion in FY2024 which was mainly caused by the initial facility fees as a result of restructuring loan by the Company.

The Group's other losses during the year increased to MMK 20.9 billion as compared to losses MMK 3.4 billion in FY2023. This was mainly caused by unrealized currency translation losses in Yoma Bank which was partially offset by fair value gains from the Company's investment properties.

Below is the detailed breakdown of other losses of the Group:

| (MMK'000) | **FY 2024** (Audited) | FY 2023 (Audited) |
|---|---|---|
| (Loss)/Gain on foreign currency exchange, net | **(22,266,672)** | 5,095,538 |
| Gain on fair value of investment properties | **1,406,450** | 268,450 |
| Gain on disposal of property, plant and equipment | **120,091** | 399,824 |
| Loss on derecognition of available-for-sale investment | **-** | (8,009,332) |
| Write-off of investment in associate | **(350)** | - |
| Write-back of payable | **185,587** | - |

| | | |
|---|---|---|
| Write-off of receivable | **(7,727)** | - |
| Adjustment for under-recognition of account receivable | **165,740** | - |
| Write-off / Provision for impairment of inventories (vaccine and medical supplies) | **(138,261)** | (894,805) |
| Write-off of property, plant and equipment | **(336,616)** | (283,021) |
| Others | **-** | 1,269 |
| **Total Other Losses, net** | **(20,871,758)** | (3,422,077) |

The Group recorded share of profit of associates and joint venture in FY2024. A detailed breakdown is as below:

| | | Group Share of Profit/(Loss) | |
|---|---|---|---|
| (MMK'000) | **Stake** | **FY 2024** | FY 2023 |
| | | (Audited) | (Audited) |
| Thanlyin Estate Development Limited | 30.0% | **37,259,764** | 4,349,678 |
| FMI Garden Development Limited | 47.5% | **10,272,727** | - |
| Memories (2022) Pte. Limited | 16.66% | **1,790,328** | (316,851) |
| CLW Development Limited | 25.0% | **-** | (773,509) |
| Kawthaung Hill Investment Limited | 37.5% | **(239)** | (421) |
| LSC-FMI Company Limited | 50.0% | **(1,151)** | (299) |
| FMI Decaux Company Limited | 40.0% | **(51,224)** | 51,297 |
| Pun Hlaing Links Services Company Limited | 30.0% | **(52,866)** | (51,416) |
| Meeyahta International Hotel Limited | 20.0% | **(673,808)** | 665,497 |
| **Total Share of Profit** | | **48,543,531** | 3,923,976 |

The Group's share of profit has surged from MMK 3.9 billion in FY2023 to MMK 48.5 billion in FY2024. This was mostly driven by share of profit of MMK 37.3 billion from Thanlyin Estate Development Limited associated with the sales of City Villa and City Loft units in StarCity, and fair value gain on its investment properties. Likewise, the share of profit of MMK 10.3 billion from FMI Garden Development Limited was achieved from the sales of Padauk Garden residential villas and shophouses. Additionally, the Group recorded a share of profit of MMK 1.8 billion from Memories (2022) Pte. Limited which was mainly caused by unrealized exchange gain on foreign currency translation.

As the above-aforementioned reasons, the Group's net profit after tax for the year ended 31 March 2024 was increased to MMK 58.1 billion compared to MMK 4.1 billion for the year ended 31 March 2023.

During the year FY2024, fair value loss of MMK 0.1 billion resulted from the Company's investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") which is listed on Yangon Stock Exchange ("YSX"). Furthermore, the Group has recorded MMK 2.6 billion of other comprehensive income on account of foreign currency translation from its associates, especially the Group's dormant entity, Meeyahta International Hotel Limited. In consequence of this cause and the absence of one-time adjustment on derecognition of available-for-sale investment recorded in previous financial year, the Group's total share of other comprehensive income for the year FY2024 has decreased by 77.6% to MMK 2.5 billion as compared with MMK 11.1 billion in FY2023.

As the result of the above, the Group reported a net profit attributable to equity holders of the Company of MMK 51.6 billion in FY 2024 as compared to a net loss of MMK 0.7 billion in FY 2023.

With this above result, the basic earnings per share ("EPS") was MMK 1,558 and the diluted EPS was MMK 1,247 in FY2024 which was well-ahead of the basic loss per share of MMK 21 in FY2023. For the purpose of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised as of 31 March 2024.

A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year, 31 March 2023 is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2024** (Audited) | As at 31-Mar-2023 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,521,370,949** | 3,419,798,328 | 32.2% |
| Total non-current assets | **952,791,760** | 766,462,538 | 24.3% |
| Total assets | **5,474,162,709** | 4,186,260,866 | 30.8% |
| **LIABILITIES** | | | |
| Total current liabilities | **4,853,490,957** | 3,666,799,256 | (32.4%) |
| Total non-current liabilities | **23,232,245** | 7,522,848 | (208.8% ) |
| Total liabilities | **4,876,723,202** | 3,674,322,104 | (32.7%) |
| **NET ASSETS** | **597,439,507** | 511,938,762 | 16.7% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **484,481,538** | 413,733,642 | |
| Non-controlling interest | **112,957,969** | 98,205,120 | |
| **TOTAL EQUITY** | **597,439,507** | 511,938,762 | 16.7% |

Total current assets increased to MMK 4,521.4 billion as at 31 March 2024 as compared to MMK 3419.8 billion as at 31 March 2023. This increase was commonly due to the increase in loan portfolio at Yoma Bank.

Total non-current assets increased as at 31 March 2024 to MMK 952.8 billion as compared to MMK 766.5 billion as at 31 March 2023. This increase was principally due to the additional investment in government securities with regard to Treasury bonds, and the achievement of greater profit sharing from associates predominantly from Thanlyin Estate Development Limited leading to increase the balance of investment in associates as well as the additional capital investment in new branches of Yoma Bank and new clinics of Pun Hlaing Hospitals.

Total current liabilities increased from MMK 3666.8 billion as at 31 March 2023 to MMK 4,853.5 billion as at 31 March 2024 which is typically due to the greater level of deposit from customer held by the Bank mostly in Super Fixed Deposit and Flexi products.

Total non-current liabilities increased from MMK 7.5 billion as at 31 March 2023 to MMK 23.2 billion as at 31 March 2024 which was mainly caused by the reclassification of loan under current liabilities to non-current liabilities due to impact of loan restructuring by the Company.

The Group's equity increased by 16.7% which is due to the favourable financial performance and profits are not distributed in favour for strategic growth of the Group.

As of 31 March 2024, the Group's cash and cash equivalents amounted to approximately MMK 694.1 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2024** (Audited) | FY 2023 (Audited) | % Change |
|---|---|---|---|
| Net cash (used in)/ provided by operating activities | **(22,513,741)** | 114,233,535 | (119.7%) |
| Net cash provided by/ (used in) investing activities | **109,395,603** | (241,872,427) | 145.2% |

| | | | |
|---|---|---|---|
| Net cash used in financing activities | **(10,101,964)** | (2,787,518) | (262.4%) |
| Net increase/ (decrease) in cash and cash equivalents | **76,779,898** | (130,426,410) | 158.9% |
| Cash and cash equivalents at beginning of the year | **617,328,125** | 747,754,535 | (17.4%) |
| Cash and cash equivalents at the end of the year | **694,108,023** | 617,328,125 | 12.4% |

The Group cash and cash equivalents raised to MMK 694.1 billion as at 31 March 2024 which is 12.4% higher than MMK 617.3 billion as at 31 March 2023 in which major part is contributed from Yoma Bank. As at 31 March 2024, the Group's net cash used in operating activities was MMK 22.5 billion in view of the fact that the Bank enhanced its lending position to valued customers due to liquidity diverted for loan growth and maintain its healthy loan-to-deposit status. The Group's net cash provided by investment activities was MMK 109.4 billion which was particularly due to the redemption of principal upon maturity of government securities by the Bank. And the Group's net cash used by financing activities for the year ended 31 March 2024 amounted to MMK 10.1 billion due to the settlement of borrowings by the Company.

**Outlook**

The Group businesses are committed to build resilience operations amidst with uncertainty and challenging business operating environment to achieve maintaining sufficient liquidity, persisting positive cash flow and continuing its effort to strengthen its balance sheet while remains focused on strategic growth opportunities of its investment in Financial Services, Healthcare Services and Real Estate Services.

**Financial Services**

The Group's financial services business, Yoma Bank (YB) continues its balance sheet growth while extending customer reach beyond branches and providing comprehensive financial solutions. To expand customer touchpoints, the Bank opened 5 new branches in Taunggyi, Pyapon, Shwe Nyaung, Tachileik, and Mandalay. Through collaboration with Wave Money, Customer Service Center (CSC) is set up for customers to facilitate improved accessibility for banking services and Retail Center which offers seamless and efficient banking services, including personalized consultations for home loans and hire purchase. In addition to Next App for customers, Business Banking Portal (BBP) is reintroduced for corporate customers. Total 102 billers have been onboarded to Next App and BBP in FY 2024 and preformed transactions more than two hundred thousand. YB's offering of payroll services continues enhancing and benefiting total 366 active payroll companies with 102,047 employees as of March 2024. "Premier Banking" will be launched in Yangon and Mandalay for top tier depositors and corporate credit customers to offer personalized financial advisory services and elevating convenience and service efficiency for our esteemed customers.

**Healthcare Services**

The Group's healthcare services continue focusing on revenue growth, operational efficiency and expansion through organic growth. With the development of the Heal App, it promotes environmental sustainability by practicing paperless culture using the app as a key tool within the hospital operation. A range of health care services are offered door-to-door by professional healthcare workers from Pun Hlaing Hospitals including Heal Home service initiated for those who have difficulty in accessing hospitals and clinics. The Child Health and Development Clinic (CHDC) is now available in all Pun Hlaing Hospitals starting from 2024 and promotion plan for Taunggyi Hospital will be outreached through social media in May 2024. To fulfill the needs of the community by offering comprehensive one-stop cancer services in Myanmar, Pun Hlaing Comprehensive Cancer Center (PHCCC) marks one of the significant milestones of the Pun Hlaing Hospitals which is targeted to start operations with phase one set to open in 2026.

**Real Estate**

The Group real estate sector is performing well with the launch of new products that meet the needs of Myanmar community constantly. The recent launch of a new phase "ARA by StarCity", a brand-new home adventure,

reflects the continued market trend for quality projects at accessible prices with room options available to match modern lifestyle. Approximately 1,000 units are included in ARA and above 40% of the units have been sold since opening of sales. The eco-friendly lifestyle housing named “Estella Townhouses” at StarCity which was launched last year is completely sold out almost all units and targeted to handover the units during the financial year. Located at the West of Yangon, Hlaing Tharyar, City Loft West (CLW) launched the sales of its third tower in January 2024 with beyond 60% of 221 units have been sold. The first two towers of CLW which were launched in May 2023 and September 2023 have all been successfully sold with over 90% of total 494 units.

**Tourism**

The Group’s tourism sector continues to focus on the local recreational market, focusing to achieve best utilization of its resources and positioning toward market tiers. In pursuit of opportunities in the upscale market, Memories Group contracted to manage the Governor’s Residence, a luxurious first-class boutique, offering a relaxing luxury lifestyle with elegant facilities. The Group will continue to support the strategic directions of Memories Group.

By Order of the Board

Tun Tun
Chief Executive Officer
5 November 2024

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766